# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ အစီအစဉ်

# [ ၉-၁၀-၂၀၁၃ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **ဟိုနမ့်ဒေသ၌ တန်ဖိုးနည်း လက်ကိုင်ဖုန်းများ အသုံးပြုခွင့် ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **မြို့နယ်အဆင့် တာဝန်ရှိသူများက နည်းဥပဒေအတိုင်း ဆောင်ရွက်ပေးနိုင်ရန် မြေလွတ်မြေရိုင်း စီမံခန့်ခွဲမှု ဗဟိုကော်မတီမှ မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဒေါ်ဇာတလဲမ်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ချင်းပြည်နယ်ရှိ မြို့များ၊ မြို့မြေများအား ကွက်ကျဲ၊ ကွက်စိပ် တိုင်းတာပေးရန်နှင့် မြေမျိုးကြီး အလိုက် ကြေးတိုင်စိုက်သည့် လုပ်ငန်းများ ဆောင်ရွက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးရဲထွန်း၊ သံတွဲ မဲဆန္ဒနယ်၏ **အခြေခံပညာဆရာ/ဆရာမများအား ရာထူးတစ်ဆင့်မြင့်(အစမ်းခန့်) ခန့်ထားခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှု မရှိစေရန် မည်ကဲ့သို့ဆောင်ရွက် ပေးမည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများအား ဆရာဦးရေတိုးမြှင့်ပေးရန်နှင့် ကျောင်းဆောင်သစ် များနှင့် တိုးချဲ့ကျောင်းဆောင်များ တည်ဆောက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးစိုင်းမောင်တင်၊ လဲချား မဲဆန္ဒနယ်၏ **ပြည်သူ့နီတိကျင့်ဝတ် ဘာသာရပ်ကို ကျောင်းသင်ရိုးညွှန်းတမ်းများတွင်ထည့်သွင်း သင်ကြားပေးရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်က **"၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာ မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေကို မြန်မာ အမျိုးသမီးများ သိရှိနိုင်စေရန်အတွက် အထက်တန်းကျောင်း သင်ခန်းစာများတွင် ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"ပုံနှိပ်ခြင်း နှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၈။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။